
ပန်းသီခိုင်
ဿခင်ရင်တွင်း
ကြွေဆင်းပါရစေ

# အခန်း (၁)

နေရာ။ ။ မီးရောင်စုံ ပြိုးပြိုးပြက်ပြက်လင်းလက်နေသော သီချင်းသံများ လွှမ်းထား သည့် မြက်ခင်းစိမ်းစိမ်းအလယ်မှာ။

အချိန်။ ။ ည ခုနာရီစွန်းစွန်း။

ရာသီဥတု။ ။ ကောင်းကင်ပြာက မီးခိုးရောင်ပြယ်ကာ အနက်ရောင်ဆီ တဖြည်းဖြည်း ကူးပြောင်းနေသည်။

နူးညံ့သောလေညှင်းက သွဲ့သွဲ့ညင်းညင်း တိုက်ခတ်နေသည်။ မိုးမရွာသော်လည်း ခြောက်သွေ့ပူပြင်းသောအရိပ်လုံးဝမရှိ။

ဝန်းကျင်တစ်ခုလုံး မြူခိုးမရှိ၊ ဖုန်မရှိ၊ ညှော်နံ့မရှိ။ လတ်ဆတ်သောလေထု၊ စိုစွတ်သောအပင်နှင့် မြက်ခင်းကြောင့် သိပ်ကိုသာယာစိုပြည်နေသည်။

*

အုပ်စုဖွဲ့ထိုင်နေသော ဝိုင်းထဲကနေ အောင်အောင်က ခုံနောက်ဆုတ်ပြီး ထထွက်ဖို့ပြင် သောအခါ တည်မှူးက စီးကရက်ဖွာရှိုက်ရင်း-

"ဘယ်လဲကွ"

ဟု မေးလိုက်သည်။

"မုန့်သွားထည့်မလို့"

အောင်အောင်က ပြန်ဖြေသည်။ စားစရာတွေက ဟိုးဘက်ထောင့်မှာ စားပွဲအရှည်ကြီးနှင့် ပြင်ဆင်ထားတာ။ စားချင်တာ အဆင်သင့်ယူ၍ စားရအောင်ပါ။

သူငယ်ချင်းမလေး ရိုစီက ခရစ္စမတ်အကြိုလုပ်ပေးသော ပွဲလေး။ သူတို့အားလုံး အရမ်းပျော်ကြသည်။ သူငယ်ချင်းတွေအားလုံးဆိုတော့ စကားသံတွေ ကြွက်ကြွက်ညံနေလိုက်တာ သီချင်းသံထက်ပင် ကျော်နေသေးသည်။ ရယ်သံ ဟားသံတွေက တစ်ချက် တစ်ချက် ဝေါခနဲ ဝေါခနဲ ထွက်ပေါ်လာသည်။

အဆိုဝါသနာပါသောတစ်စုက အိမ်ထဲမှာ ကာရာအိုကေဆိုလိုက်၊ ဝိုင်းဟားလိုက် လုပ်နေ ကြသည်။ လူငယ်တွေချည်းမို့ လန်းဆန်းတက်ကြွမှုနှင့် အပျော်လွန်နေ၏ ။ ဘာမဟုတ်တာလေးကို ထရယ်လိုက်လျှင် အကျယ်ကြီး။

သူ့အစုနှင့်သူ ခင်ရာ မင်ရာ ဝိုင်းဖွဲ့စားသောက်ပြုံးပျော် ကျေနပ်နေကြတာ။

“ငါ့ကို ဘေဘီကော်ပြန့် ယူလာခဲ့ပေးပါကွာ”

တည်မှူးက နီးနီးလေးကို ထမယူဘဲ လူကြုံမှာသည်။

“ဘာလဲ ဘေဘီကော်ပြန့် ငါမတွေ့ပါဘူး”

အောင်အောင်က ဆန်းသောအခေါ်အဝေါ်ကြောင့် ပြန်မေးသည်။

မရှင်းပါ။

“မင်းကွာ.......ညံ့ပ့ါ”

တည်မှူးက ရယ်ဟား၍ နှိပ်ကွပ်လာ၏ ။

“ဘေဘီကော်ပြန့်ကြော်က ဟိုးဘက်အစွန်မှာရှိတယ်။ မင်း သွားကြည့်လိုက်။ တွေ့မှာပဲ”

“ကော်ပြန့်ဆို ကော်ပြန့်ပေ့ါကွာ၊ မင်းက ထွင်ပြန်ပြီ”

“ကျွတ်.......ဒုံးဝေးပ့ါကွာ”

တည်မှူးက ဝုန်းခနဲထပြီး အောင်အောင့်ပခုံးဖက်ကာ

အစားအသောက်တွေတင်ထားသော စားပွဲရှည်ဆီ လျှောက်လာသည်။

“ဒီမှာ သေချာကြည့်၊ ဒါက ကော်ပြန့်ကြော်”

“အေးလေ၊ အဲဒါမဟုတ်ဘူးလား”

“မဟုတ်ဘူး၊ ဒီဘက်လာ”

ဗန်းလေးထောင့်ကလေးထဲ ရှိနေသော လက်ညှိုးလောက်အရွယ် ကော်ပြန့်သေးသေးလေး တွေကို ကောက်ယူပြကာ-

“ဒီမှာတွေ့လား၊ ဒါမှ ဘေဘီကော်ပြန့်၊ မြင်ပြီလား”

ဟု မျက်နှာရှေ့ တိုးပြသည်။ အောင်အောင်က နှာခေါင်းရှုံ့ကာ-

“ကော်ပြန့်သေးသေးလေးဆို ပြီးတာပဲ”

ဟု ပြန်ပြောသည်။

“အဲဒါ.......ဘေဘီကော်ပြန့်လို့ ခေါ်တယ်၊ မသေမချင်း မှတ်ထား”

အောင်အောင်က ကော်ပြန့်ကြော်ကလေးကို တစ်ခုလုံး ပါးစပ်ထဲထည့်ကာ ဝါးလိုက်ရင်း-

“ဘေဘီလေး ဝါးပစ်လိုက်ပြီ”

ဟု နောက်လေသည်။

အောင်အောင်နှင့် ခေါင်းချင်းဆိုင်ရယ်မိရင်းက ဖျတ်ဆို တစ်နေရာကို မျက်လုံးအကြည့်က အလိုလိုရောက်သွားသည်။

စူးစူးလက်လက် ကြည့်နေသော တောက်တောက်ပပ မျက်လုံးတစ်စုံ။

သူနှင့် အကြည့်ချင်းဆုံမိကြသည်။

“ဩော်” ဟု စိတ်ထဲမှာ ချက်ချင်းမှတ်မိသည်။

ဟိုတလောက သူနှင့်စကားများခဲ့သော ကောင်မလေး။

သူ့ကို မှတ်မိသလို လှမ်းကြည့် အံ့အားသင့်ရာမှ အကြည့်ချင်းဆုံသောအခါ ဆတ်ခနဲလွှဲပစ် တစ်ဖက်လှည့်သွားသည်။

ဘာလဲဟ

တည်မှူးက ဂရုမစိုက်သလို အောင်အောင့်ဘက် ပြန်လှည့်လိုက်သည်။

"သန္တာရဲရဲနီ"

လက်ဖျားလေးကို အလျင်စလိုလာဆုပ်ကာ တအံ့တသြလေးခေါ်သော မေသဇင့်အသံက တော်တည်မှူးကိုမြင်သွားပြီဆိုတာ သိသာသည်။

"ဟဲ့........ဟိုမှာ"

သန္တာရဲရဲနီသွေးက "ငါတွေ့တယ်" ဟု တုံးပြတ်ပြတ်ကပ်ပြီးပြောလိုက်သည်။

မေသဇင်က တွေ့သွားပြီး သန္တာရဲရဲနီသွေးကို ပြတာမျိုး သူအမြင်မခံနိုင်ပါ။ သူ့ကို ဂရုစိုက် ရာကျပါသည်။

"လျှင်လှချည်လား"

"မလျှင်ပါဘူး၊ ခုလေးတင်တွေ့တာ"

"သန္တာရဲရဲနီကို သူမြင်လား"

"အင်း........မြင်တယ်"

မေသဇင်က သိချင်သလိုလေးမေး၏ ။ သူတို့နှစ်ယောက် အကြည့်ချင်းဆုံတာကို မမြင်လိုက် ရဘဲ မျက်လုံးချင်းရန်ဖြစ်လာမှာ ကျိန်းသေသည်။

ဆတ်ဆတ်ကြဲ၊ ဆတ်ဆတ်ထိမခံနှင့် မာနကြီးသော သူတို့နှစ်ယောက် သင့်မြတ်ဖို့မလွယ်။ တစ်ခါတွေ့ တစ်ခါပိုပြီး ပြဿနာကြီးလာမလားမသိ။

“သူက ရိုစီလင်းနဲ့ သိတာလား”

မေသဇင်က သူမသိတာကို သန္တာရဲရဲနီသွေးများ သိထားမလားဟု မေးလာသည်။

“ဒီမှာ ရှင်နဲ့ကျုပ် အတူတူပဲ၊ သူ့အကြောင်း ရှင်သိသလောက်ပဲ ကျုပ်လည်းသိရတယ်။ လုံးဝမပိုဘူး။ အဲ.......စောစောက ရှင့်ထက်အရင် ကျုပ်ကြိုမြင်လိုက်တယ်၊ သာတာ အဲ့ဒါ တစ်ခုပဲ”

သန္တာရဲရဲနီသွေးစကားကို မေသဇင်က သဘောပေါက်သလို ခေါင်းလေးတဆတ်ဆတ် ညိတ်သည်။

“မျက်လုံးချင်း ယှဉ်လိုက်သေးလား”

“ဟင်.......”

ဟိုတစ်ရက် စသိတုန်းက မျက်လုံးနှစ်စုံ အပြူးသားနှင့် အကြည့်ချင်းပြိုင်ခဲ့ကြသေးတာကို မေသဇင်က ဆိုလိုပါသည်။

အဲဒီ နေ့က အနိုင်မခံ အရှုံးမပေး ဆုံကြည့်နေလိုက်ကြတာ ခေါ်လို့ကို မရဘူး။ သန္တာရဲရဲ နီကလည်း စိတ်ဆတ်သည်။ ဆူလွယ် အေးလွယ်သည်။

“မျက်လုံးချင်း ရန်ဖြစ်သေးလားလို့”

“ခဏလေးပါ”

“တော်သေးတာပေ့ါ”

မေသဇင်က ရင်ဘတ်ကလေးဖိသည်။

“ဒီမှာ ရန်ဖြစ်ရင်တော့ အားလုံးသိကုန်တော့မှာပဲ။ ရှင်စွာလွန်းတာကိုး”

သန္တာရဲရဲနီက မျက်နှာလေးရှုံ့မဲ့သွားသည်။

“စွာတာမဟုတ်ပါဘူး။ မဟုတ်မခံစိတ် ရှိတာပါ” ဟု

စကားကိုပြင်လိုက်၏။ မေသဇင်က အားနာစွာရယ်ပြီး

“အင်းပါ.......ဟုတ်ပါတယ်၊ မဟုတ်မခံစိတ်ကို နည်းနည်းလောက် လျှော့ပါဦးဟ”

“မလျှော့နိုင်ဘူး”

“ရန်ဖြစ်တာ စကားများတာ ရှက်စရာကြီးဟ၊ ငါဆို အိမ်မှာ အော်ကြီးဟစ်ကျယ် စကားများ မှာ အရမ်းစိုးရိမ်တာ။ ဖေဖေနဲ့ မေမေစကားများရင် ငါအပြင်မထွက်ရဲဘူး၊ ဘေးပတ်ဝန်းကျင်က မေးမှာရှက်လို့”

“ဟွန်း........နင် မပွင့်တပွင့်နဲ့ ရှက်တတ်လွန်းလို့ သူများအနိုင်ကျင့်တာ ခံနေရဦးမယ်၊ ကြည့်လုပ်”

သူငယ်ချင်းနှစ်ယောက်ပေမယ့် လုံးဝမတူ။

သန္တာရဲရဲနီသွေးက မာသလောက်၊ ပြတ်သလောက်၊ ထက်သလောက် မေသဇင်က အိညက် အိညက် မလှုပ်တလှုပ်။

ဘာမဆို မပွင့်တပွင့်နှင့် သည်းခံစိတ်ရှိလွန်းသည်။

သန္တာရဲရဲနီနှင့်တော့ ကွာပါ။

*

“ဟာ........ဟိုမှာ မင်းနဲ့ရန်ဖြစ်တဲ့ ကောင်မလေး”

အောင်အောင် အာပြဲကြီးနှင့် ထအော်တာမို့ မနည်းပါးစပ်ပိတ်ဆွဲခေါ်လာရသည်။

“ဘာလို့ စွတ်အော်နေတာလဲ၊ ငါမြင်တယ်ကွ”

“မင်း မတွေ့သေးဘူးထင်လို့ပါ ကိုတည်ရာ”

“မြင်ပြီးသား……..မင်းကြီးတော်မလေးကို”

“သူရော”

“မြင်ပ့ါ”

“ဟာ……..”

အောင်အောင်က မျက်ခုံးပင့်သည်။

“ရန်ဖြစ်ကြမလို့လား”

“ဒီလောက်လူတွေအများကြီးရှေ့မှာ သူငါနဲ့ရန်မဖြစ်ရဲပါဘူး၊ သူက မိန်းကလေး။ သူစွာတာ သူများသိကုန်မှာပေ့ါ”

တည်မှူးက တစ်ဖက်သတ်ဆိုမိသည်။ အောင်အောင်က ငြိမ်နားထောင်နေ၏ ။

တည်မှူး စကား မှုတမှုမရှိတာ မဝေဖန်ရဲလို့သာ။

ရန်ဖြစ်တယ်ဆိုတာ လက်ခုပ်နှစ်ဖက်တီးမှ မြည်သလို အကောက်အကောက်ချင်းမို့ ချိတ်မိ ကြတာပါ။ တစ်ဖက်ကဖြောင့်နေလျှင် ချိတ်ရမှာလား။

တည်မှူးဘက်ကလည်း ရှောင်မထွက်ဘဲ တည့်တည့်ရင်ဆိုင်လို့သာ ရန်ဖြစ်စကားများတာ။ အောင်အောင်သာဆို ဘယ်ကောင်မလေးနှင့်မှ စကားများရန်ဖြစ်မှာမဟုတ်။ ပြေလည်အောင်ပဲ နေမှာ။

ကောင်မလေးတွေဆိုတာ ရန်ဖြစ်စရာမှမဟုတ်ပါ။ ချစ်စရာ၊ ခင်စရာ၊ မြတ်နိုးစရာပါ။ ကြည့် နေရာကိုက စိတ်ချမ်းသာစရာကောင်းလှသည်။ သူ့စိတ်ကိုက ကောင်မလေးတွေအပေါ် နူးညံ့ လွန်းပါသည်။

“မင်းက ဘာကြည့်တာလဲ”

“ဟာ……..ဘာလဲ”

“မင်းမျက်လုံးတွေက ငါ့ကို အပြစ်တင်ချင်သလိုလိုနဲ့”

“မဟုတ်ပါဘူး”

“လုပ်မနေနဲ့……..မင်းအပြစ်တင်လည်း ဂရုမစိုက်ဘူး”

တည်မှူးက အောင်အောင့်ကို လက်သီးနှင့် ဖွဖွထိုးပစ်၏ ။

“မင်းလို ကောင်မလေးမြင်တိုင်း ချစ်ဖို့ပဲ စဉ်းစားနေတဲ့ အူကြောင်ကြောင်ငမိုက်သား မဟုတ်ဘူး”

အောင်အောင်က မချေပဘဲ ရယ်ကာနေလိုက်သည်။

အဲ့ဒီလို မညှာမတာပြောတတ်လွန်းတာကြောင့်လည်း သန္တာရဲရဲနီသွေးနှင့် ရန်ဖြစ်သည့် အဆင့်ထိ ရောက်ခဲ့တာပါ။

ထိုနေ့က……..

*

# အခန်း (၂)

နေရာ။ ။ ရန်ကုန်တက္ကသိုလ် ဝင်းအတွင်း။

စာကြည့်တိုက်ရှေ့ မကျဲတကျဲမှာ။

အချိန်။ ။ မနက်ပိုင်း ဆယ်နာရီကျော်ကျော်။ ဆယ့်တစ်နာရီ မထိုးသေး။

ရာသီဥတု။ ။ နေပွင့်ပြီး ကောင်းကင်အရောင်က ကြည်လင်နေသည်။ အုံ့စိုင်းနေသော သစ်ပင်များက နေရောင်ကို မော့ကြည့်နှုတ်ဆက်နေကြသလိုပါ။

ဝန်းကျင်တစ်ခုလုံးမှာ ကျောင်းသား ကျောင်းသူများ ဟိုဟိုဒီဒီ သွားလာနေကြသည်။ ခုံတန်းမှာ၊ အုတ်ခုံပေါ်မှာ ထိုင်နေသူတွေရှိသလို ဖြတ်သွား ဖြတ်လာ ကျောင်းသားများ၊ ပြီးတော့ သွားလာနေသော ကားများ။

သက်ဝင်နေသော မြင်ကွင်း။ စည်ကားလှုပ်ရှားနေသော မြင်ကွင်း။ ခပ်လှမ်းလှမ်းမှာ ကားတွေရပ်ထားတာလည်း တွေ့ရသည်။

*

ဇော်တည်မှူးက လက်ထဲရှိနေသော 'Pro.8' ကင်မရာလေး၏ ဘေးထောင့်မှန်သားပြင် ကျဉ်းကျဉ်းလေးထဲ ဝင်လာသော နီနီရဲရဲ ဝတ်စုံလေးနှင့် ကောင်မလေးကို ငေးမောသတိပြုမိ သွားရသည်။

ကားထဲမှာထိုင်၊ ကားတံခါးဖွင့် ခြေအစုံ အပြင်ထုတ်ကာ မြင်သမျှမြင်ကွင်းကို လျှောက်ရိုက် နေမိတာ၊ ဘာရယ်လို့ မဟုတ်ပါ။

တစ်ခါတလေ သူက ခုလိုပဲ အပျင်းပြေ မှတ်တမ်းလေးတွေ ရိုက်တတ်သည်။ သည်နေ့ လည်း ကျောင်းကို စောစောရောက်နေတာမို့ ကျောင်းဝန်းကျင်နှင့် ကျောင်းသူလေးများ၏ အလှ ကို လိုက်ရိုက်နေမိသည်။

"ဟော့ကောင် ကိုတည်........ကြည့်နေကြပြီကွ"

ဘေးမှာထိုင်နေသော အောင်အောင်က လှမ်းပုတ်ပြီး သတိပေးသည်။

အနီရောင်ဝတ်စုံလေးနှင့် ကောင်မလေးကို သတိလက်လွတ် ဘယ်လောက်ကြာအောင် ငြိမ်သက်ရိုက်ယူနေမိပြီလဲ။

ခုံတန်းမှာထိုင်နေသော ကောင်မလေးသိသွားပြီး ဖျတ်ဆို မတ်တပ်ရပ်လိုက်သည်။ ပြီးတော့ နှုတ်ခမ်းစူကာ ချက်ချင်းပဲ သူ့သူငယ်ချင်း၏ လက်ထဲက ထီးအပွင့်လေးကို လှမ်းယူလျက် ကာထားလိုက်တော့သည်။

တည်မျှူးသတိဝင်ကာ ကင်မရာလေးကို ဘေးချထားလိုက်၏ ။ သူ့ကားရှိရာ တဖျတ်ဖျတ် လျှောက်လာသော ကောင်မလေးသုံးယောက်ကို တွေ့ရသည်။ အနီရဲလေးက အလယ်မှာ။

"ဟား........လာနေကြပြီ"

အောင်အောင်က ဒူးတွေတုန်ပြီး ရေရွတ်သည်။

"ဘာဖြစ်လဲ၊ လာပါစေ"

"မင်းရိုက်နေတာ သိသွားပြီ"

"သူတစ်ယောက်တည်း ရိုက်တာမဟုတ်ဘူး၊ အားလုံးရိုက်ထားတာပဲဟာ ဘာဖြစ်လဲ"

တည်မျှူးနှင့်အောင်အောင် အခြေအတင်ဖြစ်နေတုန်းမှာပဲ ကားဘေးကို အနီရိပ်ကလေး ရဲခနဲဖြာကျလာသည်။

"ဒီမှာ"

"ဟုတ်ကဲ့"

တည်မျှူးက ကားထဲကဆင်းပြီး မတ်တပ်ရပ်လိုက်၏ ။

အနီမလေးက တော်တော်လှသည်။ နှုတ်ခမ်းဖူးဖူးလေး၊ မျက်လုံးနက်နက်ကလေး။ အသား လေးက ဝင်းဝါပြီး ဆံပင်မည်းမည်းခဲခဲလေးတွေကို ကြိုးအနီလေးနှင့် ကြက်ခြေခတ် စည်းထား သည်။ ပြီးတော့ ဖိနပ်အမြင့်လေး၊ အလှဆုံးကတော့ အဖျားလေးကော့နေသော နှာတံစင်းစင်း လုံးလုံးလေး။ မေးစေ့လေးကလုံးပြီး မျက်နှာလေးက ဘဲဥပုံ။ မျက်တောင်ကော့ကော့များက-

"ရှင် ခဏ ဘာလို့ ကျွန်မတို့ဘက်ကို ရိုက်နေတာလဲ"

"မရိုက်ပါဘူး"

"မညာနဲ့၊ ရှင်ကင်မရာက ကျွန်မဘက် ရောက်နေတယ်"

"ဟာ........မရိုက်ပါဘူး"

"ရှင် ညာတာပဲ၊ ဝန်ခံစမ်းပါ"

"သန္တာရဲရဲနီ"

မေသဇင်က သန္တာရဲရဲနီကို လက်မောင်းကလေးဖမ်းဆွဲပြီး တား၏။

"ခင်ဗျားတို့ ထိုင်နေတဲ့ဘက်က သစ်ပင်တွေအုံ့နေတယ်။ မှောင်နေတယ်။ ရိုက်လို့မရဘူး။ စွတ်ပြောမနေနဲ့"

ဇော်တည်မှူးက အတည်နှင့်ဆိုလိုက်သည်။

"ဘာ"

အနီရဲရဲလေးက ခါးထောက်သည်။

"ဘာလို့မရိုက်ရမှာလဲ၊ ရှင်သတ္တိရှိရှိဝန်ခံစမ်းပါ။ ရိုက်ရင်ရိုက်တယ်ပေါ့။ ခိုးကြောင်ခိုးပုက်နဲ့"

"ဟ........စွာလှချည်လား"

တည်မှူးက ရုပ်ကလေးနှင့်မလိုက်အောင် စွာလွန်းတာကို အံ့ဩကာ ဒေါသလည်းဖြစ် သည်။

"ခင်ဗျားက ဘယ်လောက်လှနေလို့ ရိုက်ရမှာလဲ"

"ဘာ"

"ကျုပ် ကျောင်းမြင်ကွင်းအလှတွေကို မနက်စောစော ဒီလိုပဲ ရိုက်နေကြ။ မတော်တဆ ခင်ဗျားပါရင် ပါသွားမယ်။ တမင် မရိုက်ဘူး"

သန္တာရဲရဲနီသွေးက ဒေါသတွေ ဆူဝေသွားပြီး မျက်တောင်မခတ်ပြူးကြည့်သည်။ တည်မှူး ကလည်း အေးစက်စက်ပြန်ကြည့်၏ ။ အကြည့်ချင်းကြာကြာဆုံမိကြသည်။ တစ်ယောက်မှ လွှဲမသွား။ တည့်တည့်စိုက်ကြည့်နေ၏ ။

"သန္တာရဲရဲနီ"

မေသဇင်က မျက်နှာလေးပျက်ကာ တိုတိုးခေါ်သည်။

"ကိုတည်"

အောင်အောင်ကလည်း ဘေးကနေ သတိပေး၏ ။

"ကျွန်တော်တောင်းပန်ပါတယ်၊ အစ်မကြီးပုံ ပါသွားရင်လည်း မတော်တဆပါဗျာ၊ စိတ်မရှိ ပါနဲ့။ ကိုတည်က ဒီလိုပဲ စိတ်ကြီးတတ်လို့ပါ။ ကျွန်တော်တို့က အင်္ဂလိပ်စာ မဟာတန်းကပါ။ သူက ဇော်တည်မှူး၊ ကျွန်တော်က အောင်အောင်၊ အမလေးတို့က……."

"ဘယ်သူမေးလို့လဲ၊ မသိချင်ဘူး"

ဟိုနှစ်ယောက်က မျက်လုံးအကြည့်ချင်းပြိုင်ပြီး ငြိမ်နေတာမို့ အောင်အောင်က မေသဇင်ကို တောင်းတောင်းပန်ပန် ပြောပြမိတ်ဆက်လာပေမယ့် မေသဇင်က ဟောက်ပစ်လိုက်ပါသည်။

"တော်ပြီ……..သန္တာရဲရဲနီရယ်၊ တောင်းပန်ပါတယ်၊ လာပါ။ သွားရအောင်၊ ရန်မဖြစ်ပါနဲ့ ရှင်……..ရှင့်သူငယ်ချင်းကို ဆွဲခေါ်လေ"

ကျောက်ရုပ်လို တောင့်တင်းကာ မျက်လုံးတွေ စိုက်တန့်ငြိမ်သက်နေတာမို့ မေသဇင်လည်း သူငယ်ချင်းကိုဆွဲရင်း တစ်ဖက်ကိုလည်းပြောမိပါသည်။

"ကဲ ကဲ……..ရုပ်သိမ်းကြပါတော့"

မေသဇင်ပြောပေမယ့် မရပါ။ အောင်အောင်က လက်ဝါးဖြန့်ကာ သူတို့ရှေ့မှာ ဝှေ့ကာ ယမ်းမိသည်။

"ကျွတ်……..မင်းကတမျိုး"

ဇော်တည်မှူးက အောင်အောင့်လက်ဖဝါးကြောင့် ရန်ပွဲပျက်သွားတာကို စိတ်ဆိုးသည်။ တော်တော်စွာသည့်ကောင်မလေး။ သူ့ကိုအရှုံးမပေး။ အကြာကြီး ဆုံကြည့်နိုင်သည်။ ပြိုင်ဘက်ကို လျှော့တွက်မရ။ သည်ကောင်မလေး မခေ။ သူ့ကို လွယ်လွယ်နှင့် အလျှော့ပေးမှာမဟုတ်။

"ကျွန်မကို အဲဒီ အခွေ ပေးလိုက်ပါ"

"ဘာလို့ ပေးရမှာလဲ"

"တကယ်လို့ ရှင်ကျွန်မကို မရိုက်ထားဖူးဆိုရင် ပေးရဲရမှာပေါ့"

"ပြန်ကူးရအုံးမှာ"

"ကျွန်မနားလည်တယ်။ ဒီလိုကင်မရာ ကျွန်မမှာလည်း ရှိတယ်"

သန္တာရဲရဲနီသွေးက အပြတ်ပြောသည်။

"ကျွန်မကို မရိုက်ထားဖူးဆိုရင် ရှင့်ခွေ ကျွန်မပြန်ပေးမယ်။

ဇော်တည်မှူးက မျက်နှာပျက် သွားသည်။

“ခင်ဗျားတို့က ဒီပတ်ဝန်းကျင်မှာရှိနေတော့ ပါရင်လည်းပါသွားမှာပါ။ အမှတ်တမဲ့ ဖြစ်နိုင် တယ်”

“အပါမခံနိုင်ဘူး”

“ဗျာ”

“ရှင် အပျော်တမ်း မှတ်တမ်းခွေထဲ အပါမခံနိုင်ဘူး၊ ရှင်းပြီလား”

“မင်း သိပ်ရိုင်းပါလား”

ဇော်တည်မှူးက မျက်စိရှေ့မှ ကောင်မလေးကို မကျေမနပ်ကြည့်မိတော့သည်။

“မင်းကို ဘယ်သူမှ ပြဿနာမလုပ်ဘူး”

“ဟုတ်တယ်၊ ကျွန်မက လုပ်ရမှာပဲ”

“မင်း ကျောင်းသားအချင်းချင်း ဒီလိုပဲ ဆက်ဆံရလား”

ဇော်တည်မှူးက ထိထိမိမိ မေးလာသည်။ သန္တာရဲရဲနီသွေးက မျက်နှာလေးမော့ကာ

“စောစောကတည်းက ရှင် ဒီလို ကောင်းကောင်းမွန်မွန်ပြောလာရင် ကျွန်မ သဘောထား ကြီးနိုင်သေးတယ်။ ခုမှတော့ လုံးဝမရဘူး။ ကျွန်မကို ခွေထုတ်ပေးပါ။ ကျွန်မ ပါနေရင် ရှင့်ခွေ ပြန်မရတော့ဘူးမှတ်ပါ”

ဇော်တင်မှူးမျက်နှာက ပျက်နေရာမှ တင်းသွားတော့သည်။

“ဟုတ်တယ်၊ မင်းကိုရိုက်တယ်။ ဒီခွေထဲမှာ မင်းပါတယ်။ ခွေလည်း မင်းကိုမပေးနိုင်ဘူး။ ဘာလုပ်ချင်လဲပြော”

“ရှင်”

သန္တာရဲရဲနီသွေးက မျက်လုံးစူးစူးများနှင့် ရှေ့တစ်လှမ်းတိုးကာ ဒေါသကို

မနည်းမျိုချပစ်ရပုံ။ လက်မပါမိအောင် ထိန်းလိုက်ရပုံ။

“ရှင့်ကိုတိုင်မယ်”

“တိုင်ပေါ့”

ဇော်တည်မှူး အေးစက်စွာဆိုသည်။

“ပါမောက္ခအခန်း လိုက်ပြပေးရမလား။ မှတ်ထား ကျုပ်နာမည် ဇော်တည်မှူး အင်္ဂလိပ်စာ မဟာတန်းက တိုင်ချင်ရင် သွားတိုင်၊ တိုင်စာရေးပေးရဦးမလား”

“ရှင် ရှင် လူပါးဝလှချည်လား”

စွေ့စွေ့ခုန် ဒေါသကြီးသွားသော ကောင်မလေးကို ဇော်တည်မှူးက ကျောခိုင်းလိုက်သည်။

ကားပေါ်တက်ဖို့ တံခါးဆွဲဖွင့်သောအခါ အောင်အောင်က ကမန်းကတမ်းပြေးပြီး ကားပေါ် တက်နှင့်ပြီ။

သည်ကောင် တော်တော်အားကိုးရသည်။

ဇော်တည်မှူးက ကားထဲဝင်ထိုင်သည်။

“ရှင် ခွေပေးခဲ့မလား မပေးခဲ့ဘူးလား”

သန္တာရဲရဲနီသွေးက အပြတ်မေးသည်။

“မပေးဘူး၊ တိုင်မယ်ဆိုတိုင်ပေါ့”

ကားတံခါးကို ဂျိန်းခနဲပိတ်ကာ စက်နှိုးမောင်းထွက်သွားတော့ သန္တာရဲရဲနီ နေရာမရွေ့ ရပ်ကျန်ရစ်သည်။

“နေပါစေသန္တာရယ်၊ ယူချင်လို့ ရိုက်ယူတာပဲ၊ လိုချင်နေတာ ပေးလိုက်ပါ။ တစ်ကျောင်း တည်းသားချင်းတွေပဲ”

တစ်ချိန်လုံး နှုတ်ဆိတ်နေသော ကြူကြူမာ လာဝင်ပြောလာသည်။

"သွားမတိုင်ပါနဲ့ သူများတွေသိကုန်ရင် ရှက်စရာကြီး မဟာတန်းတွေပဲ ရောက်နေကြပြီ၊ ရှိပါစေတော့"

"ငါ လုံးဝ မကျေနပ်ဘူး။ အရမ်းစော်ကားတာပဲ"

လက်သီးဆုတ်ကာ သန္တာရဲရဲနီက အခဲမကျေ။ ထွက်သွားသော ကားကို မျက်စောင်းအခါခါ ရွယ်မိသည်။ ဘယ်လို လုပ်ပစ်ချင်မှန်းမသိ။ ဒေါသတွေ ငယ်ထိပ်အထိ တက်ကာ အသက်ရှူပင် ကြပ်သွားရသည်။

အစကတည်းက ရိုက်မိလျှင် ရိုက်မိပါတယ်ဟု ဝန်ခံပါရောလား။ တောင်းပန်စကားမဆိုဘဲ "ဘူး" ခါငြင်းပစ်သည်။ နောက်တော့ ရိုင်းရိုင်းစိုင်းစိုင်းပြောသွားသည်။ ကမ်းကုန်အောင် လွန်လွန်း ပါသည်။

"တောက်"

"ကဲပါ သန္တာရဲရယ် ထားလိုက်ပါ"

"ဘာလို့ ထားရမှာလဲ သွားတိုင်မှာပဲ"

"အကျယ်မချဲ့ပါနဲ့ နေပါစေတော့"

"အံမယ် မရပါဘူး"

"သွားတိုင်ရင် ပြဿနာ ပိုရှုတ်ကုန်မှာပေါ့။ အဲဒီ လူကို ကြူသိတယ်။ သူက အီးမေဂျာ E,major(အင်္ဂလိပ်စာ)မှာ နာမည်ကြီး၊ စာတော်တယ်ကွ" ကြူကြူမာက သူသိတာပြောပြသည်။

"စာတော်တာများ ဘာဖြစ်လဲ"

"ဆရာတွေဆို အကုန်ချစ်၊ အကုန်သိ၊ ပြီးတော့ သူက အင်္ဂလိပ်စကားပြောလည်း သိပ်ကျွမ်းကျင်တာ။ ဂိုက်လုပ်တယ်လေ၊

လည်ကတုံးလေးနဲ့ ကချင်ပိုးဆိုးလေးနဲ့ တိုက်ပုံလေးနဲ့ အင်္ဂလိပ်စကားကျတော့ မွှတ်နေတာပဲ။ နာမည်ကြီးဟ။ အရမ်းယဉ်ကျေးပြီး အရမ်းတည်တာ”

“သေလိုက်တော့ တလွဲကြီး”

သန္တာရဲရဲနီက ဒေါသနှင့် ပြောမိသည်။ အမြင်ကတ်လွန်းပါဘိ။

“ဘာယဉ်ကျေးတာလဲ မုန်းစရာ”

“အင်း ဒီနေ့တွေ့ရမှ အဲဒီ လို ဖြစ်နေတာ”

ကြူကြူမာက မယုံနိုင်သလို ဖြစ်ကာနေသည်။

“စာတော် ယဉ်ကျေးတဲ့ ကျောင်းသားတဲ့။ တစ်စက်မှ ချိုသာနူးညံ့မှုမရှိဘူး။ အလကား ဟန်ဆောင်ထားတာ။ သူ့စရိုက်အမှန်က ခုဏတွေ့ရတဲ့ အတိုင်းပဲ ။မမြင်ဘူးလား”

ကြူကြူမာလည်း မပြောသာဘဲ ငြိမ်သက်နေသည်။ ဟုတ်လည်းဟုတ်သည်။ သန္တာရဲရဲနီကို သူ ဗီဒီယိုခွေထဲလည်းပါအောင် ရိုက်မိသေး။ တုံ့ပြန်ပြောဆိုသွားတာလည်း ရစရာမရှိ။ လွန်လွန်း အားကြီးသည်။

သန္တာရဲရဲနီကို တမင်မခံချင်အောင် စသွားတာလား။ သို့မဟုတ် သူ့မာန သူ့သိက္ခာကို ထိပါးလို့ ပေါက်ကွဲသွားခဲ့တာလား။

ဇော်တည်မှူးအကြောင်း ကြားဖူးထားသလောက် သည်လိုမဟုတ်။ မောက်မာရိုင်းပြမိတာ သန္တာရဲရဲနီ စွာလွန်းတာကြောင့်ပဲ ဖြစ်မှာပါ။

ကြည့်ပါလား။ မျက်နှာငယ်လေးနှင့် ပြောပုံက-

“ခင်ဗျားတို့က ဒီပတ်ဝန်းကျင်မှာရှိနေတော့ ပါချင်လည်းပါသွားနိုင်တယ်။ အမှတ်တမဲ့ ဖြစ်နိုင်တယ်” တဲ့။

ဒါဟာ သန္တာရဲရဲနီကို ထည့်ပြီး ရိုက်ယူမိပါသည်ဟု

ဝန်ချတောင်းပန်စကားပဲမဟုတ်လား။ ကြူကြူသာဆို အားနာနာနှင့် ဘာမှပြန်ပြောမိမှာမဟုတ်ပေ။ သန္တာရဲရဲနီသွေးကတော့ ဘာကိုမှ အားမနာနိုင်ဘဲ အရင့်သီးဆုံးပြောပစ်လို့သာ ဇော်တည်မှူးဘက်က ခုလိုစိတ်ဆိုးသွားခဲ့တာပါ။ ပြီးတော့ သေချာဆန်းစစ်ကြည့်လျှင် အနီရဲလေးနှင့် တောက်ပထင်းလင်းစွာ ချစ်စရာကောင်းနေ တာမို့ ကင်မရာထဲရောက်သွားရတာ ။ ကြူကြူဆိုလည်း ထည့်ရိုက်မိမှာ မလွဲမသွေ။

“မတိုင်ပါနဲ့ သန္တာရယ်၊ နာမည်ကြီးကုန်ပ့ါမယ်”

သူငယ်ချင်းနှစ်ယောက်က သန္တာရဲရဲနီသွေး ကို ဝိုင်းတားကြသည်။

“ခက်ပါလား ဒါဆို ကျုပ်က ငုံ့ခံပေ့ါ သစ်တုံးကြီးလား” ကြူကြူနှင့် မေသဇင် တစ်ယောက် မျက်နှာတစ်ယောက်ကြည့်ပြီး ပြိုင်တူပြောလာသည်။

“ငါတို့ရှက်တယ်”

“နေရာတကာ အရှက်သည်းလွန်းတယ်”

သန္တာရဲရဲနီက နှုတ်ခမ်းစူခြေဆောင့်ကာ ခုံတန်းလေးမှာ သွားပြန်ထိုင်ချသည်။ ဇော်တည်မှူး မျက်နှာက မျက်လုံးထဲစွဲထင်ကျန်ရစ်သည်။ မုန်းလွန်းလို့ ကြည့်မရလွန်းလို့ စွဲနေတော့တာ။

ဂျင်းဘောင်းဘီနှင့် ရှပ်အကျႋအကွက်စိပ်စိပ်ကလေးနှင့် ပုံစံကတော့ သားသားနားနား သပ်သပ်ပါ။

သူက အီးမေဂျာ မဟာကိုတက်နေသတဲ့လား။

အလှည့်ဆိုတာ ကြုံနိုင်သေးသည်။ တစ်ကွေ့မဟုတ် တစ်ကွေ့ ထပ်တွေ့နိုင်သေးသည်။ ပွဲမပြီးသေးပါ။

“သူ့မှတ်တမ်းခွေလေးထဲ ပါတာပဲဘာဖြစ်လဲ။ သူသဘောကျလို့ ရိုက်မိတာကို နင်က အရမ်းရန်လုပ်တော့ သူလည်းရှက်ပြီး ပြောမိပြောရာ

လုပ်မိလုပ်ရာ ဖြစ်သွားတာပါ”

ကြူကြူက စိတ်ထဲရှိသလို ဆိုမိသည်။

သန္တရဲရဲနီက မျက်လုံးလေး မှေးကျဉ်းအောင်စဉ်းစားပြီး ငြိမ်နေသည်။

“နင် ဘာအကြံထုတ်နေတာလဲ” အကြောင်းသိမို့ မေးမိသည်။

“မဟုတ်ပါဘူး ဒီလိုပါပဲ”

“နင့်ကို ပြောသွားတာတော့ သူတော်တော်လွန်ပါတယ်။ သန္တာရဲရဲနီဘက်လာတွေးပြီး ဖြည့်စွက်ဆိုမိ၏ ။

“နင်တို့ဘာပြောပြော ငါ သူ့ကို ခွင့်မလွှတ်ဘူး သိလား”

“ထားလိုက်ပါ မုန်းစကို တိုစေ”

“ငါ့ကို ဒီလောက်ပြောဆိုသွားတာ နင်တို့ ငါ့ဘက်က မနာဘူးလား”

သန္တာရဲရဲနီသွေးက မေသဇင်တို့ဘက် လှည့်ရမ်းသည်၊

နိုင်ရာမဲတော့မည် ထင်ပါရဲ့။

ငုံ့ခံ ငုံ့ခံ သန္တာဒေါသ သူတို့ဆီရွေ့လာပြီ။

“နင်တို့ ငါ့သူငယ်ချင်းတွေမှ ဟုတ်ရဲ့လား” ရင်နာသံနှင့် မေးလာ၏ ။

“သန္တာရဲရဲနီရယ် နင်က အရမ်းစိတ်ကြီးတာကိုး”

“ဘာမှ မဆိုင်ဘူး။ သူ ငါ့ကို မတရား စော်ကားသွားတာ နင်တို့ လက်ပိုက်ကြည့်မနေသင့် ဘူး”

“ဟုတ်ပါတယ်။ အခါအခွင့်သင့်ရင် နင့်ဘက်က ဝင်ကူညီပေးပါမယ်၊ ကျေနပ်ပြီလား”

ကြူကြူမာက ကတိပေးထားလိုက်၏ ။ သန္တာရဲရဲနီ

ကျေနပ်စိတ်ပြေသွားအောင်ပါ။ သို့မဟုတ်ပါက သူတို့နှင့်ပါဆက်ပြီး ရန်ဖြစ်နိုင်သည်။

“ပြီးရော ကိုယ်ပြောထားတာ ကိုယ်မမေ့နဲ့”

သန္တာရဲရဲက လက်ညှိုးကလေးထောင်ကာ သေချာအောင် ပြောထားလိုက်၏ ။

*

အခန်း (၃)

နေရာ။ ။ စီးပွားရေးတက္ကသိုလ် စားသောက်ဆိုင်

အချိန်။ ။ မွန်းလွဲ တစ်နာရီခွဲ။

ရာသီဥတု။ ။ အုတ်မှိုင်းသာယာနေသည်။ နေရောင်က မစူးတော့ပဲ အားပျော့ကာ အနောက်ဘက်သို့ ပထမဆုံးချဉ်းနင်းဝင်ရောက်စ၊ နေလုံးကြီးက အရှေ့ ဘက်ကောင်းကင်ခြမ်းမှာ မရှိတော့ဘဲ ကောင်းကင်အနောက်ခြမ်းကို ခြေတစ်လှမ်းဝင်ရောက်သွားပြီ။

*

"မင်းကြိုက်တဲ့ ဘောဘီကော်ပြန့် ဒီမှာရတယ် မှာမလားကွ"

အောင်အောင်က မေးလိုက်ပါသည်။ "တည်မှူး" က ခုံမှာဝင်ထိုင်ကာ ဟိုဟိုဒီဒီ ဝေ့ကြည့် ရင်းက-

"ဒီအချိန် ရပ့်ါမလားကွ" ဟုဆိုသည်။

"အင်း မနက်ပိုင်းဆယ်နာရီ ဆယ့်တစ်နာရီဆိုရင်တော့ ရတာ အမှန်ပဲကွ။ ငါ မေးကြည့် လိုက်ရမလား"

"မစားချင်ပါဘူးကွာ"

ဇော်တည်မှူးက ဟူးကနဲသက်ပြင်းရှူက်သည်။

"မင်း ခုမှ လန့်နေပြီလား"

"အဲဒီ ကောင်မလေးက အရမ်းစွာတာ၊ တကယ်တိုင်မှာကွ"

ပခုံးမြှင့်ကာ ရှိန်နေသည်။

“ခုမှ သွေးပျက်မနေနဲ့ မင်းမှ ပြေလည်အောင် မပြောဘဲ”

“ငါ ဘာလုပ်ရမလဲ”

“ဇော်တည်မှူး” က ရေနွေးတစ်ခွက် ငှဲ့သောက်ကာ ရင်ပူသလို ပြောလာသည်။

“ခုမှ ခေါင်းစားနေပြီ မဟုတ်လား။ အစတုန်းကတော့ စွတ်တင်လာပြီးမှ အဲဒါကြောင့် ပြောတာ ရှေ့နောက်စဉ်းစားပါလို့။ သူရန်တွေ့တာငံ့ခံလိုက်၊ ပြီးတာပဲ။ မင်းက သွားရိုင်းမိတာကိုး။ အပြစ်လည်းလုပ်သေးတယ်။ စကားပြောတော့လည်း အကြောကြီးနဲ့။ မင်းမှားတာ”

ဇော်တည်မှူးက နှုတ်ဆိတ်ထိုင်နေသည်။

တကယ်တမ်း ပါမောက္ခနှင့်သွားတိုင်ခဲ့လျှင် သူဘယ်လိုရှင်းရမလဲ။ ခေါင်းထဲမှာ ရှုတ်ထွေး ကြပ်ခဲလာ၏ ။

ပြောတုန်းကတော့ အရသာရှိမှရှိ။ အနိုင်ပိုင်းပြောခဲ့တာ။ ခုမှ သွေးအေးလေ နောင်တရလေ မှားသွားပြီဟု ခေါင်းကြီးလေ။

“ငါ လွန်သွားတယ်”

“မလွန်ပါဘူး သူတို့လွန်တာ”

အောင်အောင်က သူ့ကိုရွဲ့သည်။

“မင်း ဒီလောက်တင်းတာ ငါတစ်ခါမှ မတွေ့ဖူးဘူး”

“မဟုတ်ပါဘူးကွာ”

ဇော်တွေမှူးက ဆံပင်တွေသပ်ပြီး ရှက်သလို ရယ်ချသည်။

“သူ ငါ့ကို ဆွသလိုဖြစ်လို့ပါ၊ ငါ ရှက်ရမ်း ရမ်းတာလည်းပါတယ်။ တကယ်ဆို ငါဒီလောက် ရန်ဖြစ်တတ်တဲ့ကောင်မဟုတ်ပါဘူး။ ဘယ်သူနဲ့မှလည်း

စကားမများခဲ့ဖူးဘူး”

“အင်းလေ ငါလည်း အဲ့ဒါ အံ့ဩနေတာ၊ ကောင်မလေးနဲ့အပြိုင်ပဲ ငါတောင် မင်းကိုလန့်တယ်”

“အောင်မာ မင်းငါ့ကို တွယ်လှချည်လား”

အောင်အောင်က အခွင့်ရေးရခိုက် နှိပ်ကွပ်နေတာ-

“ငါ မနက်ဖြန် သန်ဘက်ခါ ကျောင်းမတက်ဘူးကွာ”

အကောင်းဆုံး အစီအစဉ် ခေါင်းထဲရောက်လာတော့သည်။

“ကြောက်တယ်ပေါ့”

“တကယ်တိုင်မယ့် ရုပ်ကလေးဟ”

ဇော်တည်မှူးက သေချာပေါက် ပြောသည်။

“တိုင်ပါ့မလား၊ သူလည်း ရှက်မှာပေါ့”

“ထင်သလား”

“အဲဒီ ကောင်မလေးတော့ မသိဘူး။ တခြားကောင်မလေးတွေကတော့ ရှက်တတ်ကြတာပဲ။ သွားတိုင်ရင် ပါမောက္ခက နှစ်ယောက်စလုံးခေါ်မှာ၊ လူတွေသိကုန်မှာ သူလုပ်ရဲမှာမဟုတ်ဘူး”

အောင်အောင်က စေ့စေ့စပ်စပ်တွေးကြည့်ပြီး မှန်းဆ၏ ။

“ကဲပါကွာ မင်းစိတ်ညစ်မနေနဲ့၊ ငါနဲ့ မင်းသန့် သွားတောင်းပန်ပေးမယ်။ သူတို့အုပ်စုကို ရှာရလွယ်ပါတယ်”

မနေသာတော့ဘဲ အောင်အောင်ဝင်ကူညီရတော့သည်။ တည်မှူးကလည်း ပြန်သွား တောင်းပန်မှာမဟုတ်။ မာနက အင်မတန်ကြီးသည်။ သူ့မာနကို မိုးပျံပူပေါင်းလို ကောင်းကင်စီ၊ ဟုန်းကနဲတက်နေတာ။ မာနတွေ

မိုးနှင့်စောင့်မိမှာ စိုးရသည်။

“ဒီအချိန်ဆို ပြန်လောက်ရောပေါ့”

“ဟုတ်တယ်၊ တိုင်ရင် မနက်ဖြန်မှ တိုင်မှာပါ”

“မင်းပဲ အမျိုးမျိုး ထင်နေ။ မင်းကြီးတော်လေးက တိုင်စာပါမောက္ခစားပွဲပေါ် ရောက်ချင် ရောက်နေလောက်ပြီ”

တည်မှူးက တကယ်စိတ်ညစ်သွားပုံရသည်။

“ငါ ဒီမနက် ဂြိုဟ်ဝင်တာပဲ”

သူ့ကိုယ်သူ အပြစ်တင်သည်။

“ငါရှည်ပြီး ကင်မရာယူလာမိတာ၊ ဒီလောက်ရန်စွာလွန်းတဲ့ ဟာမလေးမှ သွားရိုက်မိတာ။ ငါတကယ်မှားတာပဲ”

“အေး အဲဒီ လိုသိဖို့ပဲလိုတယ်။ မင်းက မှားပြီး မင်းကပဲ ဒေါသတွေနဲ့ အနိုင်ပိုင်းမောက်မာခဲ့ တော့ ဟိုက ကျေနပ်မလား။ ငါတို့ သွားတောင်းပန်ရင်တောင် ရပ့်ါမလားမသိဘူး”

“ဟူး မြွေပဲ”

တည်မှူးက မှာထားသော လက်ဖက်ရည်ကို မသောက်နိုင်အောင် ဖြစ်ကာနေလေသည်။ ရတက်မအေးနိုင်တော့။

ဟိုကောင်မလေးက ရှက်တတ်ပုံမရ၊ သူ့မှာ။

ပါမောက္ခခေါ်တွေ့လျှင် ဘယ်လိုရင်ဆိုင်ရမလဲ။ ဘယ်လို မျက်နှာထားရမလဲ။ ဘယ်လို ဖြေရှင်းရမလဲ။ သူ့ဘက်က အမှားမို့ တောင်းပန်ခိုင်းတော့မှာ မလွဲမသွေ။ ကျေနပ်အောင်ပြောရမှာ ရှောင်လွှဲမရ။

စွာလန်ကြဲမလေးကို သူ လုံးဝမတောင်းပန်ချင်ပါ။ အောက်မကျို့ချင်ပါ။

အရှုံးမပေးချင်ပါ။ မခံချင်စိတ်က ရင်ထဲရုန်းကြွလာသည်။

လောလောဆယ် စွာတေးမက အသာစီးဘက်မှာရှိနေသည်။ သူက လွှန်ခဲ့ပြီကိုး။ ကွာ ဘာလို့ ဒီလို ဖြစ်ရတာ လဲ။

"ငါတို့ သွားတောင်းပန်ရမလား"

"မင်းတို့ကို ဟောက်လွှတ်မှာကွ"

"ဒါကတော့ သည်းခံရမှာပေ့ါ၊ အရေးကြီးတာ သွားမတိုင်ဖို့ပဲ"

တည်မှူးက လက်နှစ်ဖက်ယှက်ကာ စဉ်းစားနေသည်။

"တွေဝေမနေနဲ့တော့ ထပ်မှားမယ်ကွ။ အရေးကြီးတာ မတိုင်အောင်ပြောဖို့ပဲ။ အတိုင်ခံရရင် မင်းမလွယ်ဘူး။ မင်းကိစ္စကြီးက မျက်နှာပူစရာ။ သူ့ကို ကြိုက်လို့ပဲ ရိုက်သလိုလို"

"သွားစမ်းပါကွာ"

ဇော်တည်မှူးက ကြားလိုက်ရတာ ပဲ ဆေးခါးမျိုရသလို အခံခက်လျက် အော်ပစ်သည်။

"ဒီလောက်စွာတာ ငါ ဘယ်တော့မှ မစဉ်းစားဘူး" မုန်းမုန်းနှင့်အပြတ်ပြောမိပါသည်။

"ထားပါတော့ ငါနဲ့မင်းသန့် သွားတောင်းပန်ပေးရမလား၊ ဒါပဲပြော။ မင်းသွားရခက်နေရင် ပြောတာ"

"ငါ မင်းတို့ကို အားနာတယ်"

တည်မှူး ခုမှပိုပြီး မျက်နှာပျက်သွားသည်။ အောင်အောင်တို့ သူ့ကြောင့် အပြောခံရမှာ မျက်နှာငယ်ရမှာ လုံးဝမလိုလားပေ။ သည်လိုတွေ ဖြစ်လာလိမ့်မည်ဟု ထင်မထားခဲ့ပါ။

ပြန်တွေးလိုက်လျှင် သည်ကိစ္စက သူ့စိတ်ကို အနှောင့်အယှက်ပေးနေသည်။ ပူလည်းပူ သည်။ စိတ်လည်း မအေးနိုင်ပါ။

ပြင်လို့ရလျှင် ပြန်ပြင်ချင်သည်။

တော်ပါပြီ ကင်မရာနှင့် အပျော်ရိုက်တာမျိုး သူရှောင်တော့မည်။

"အားနာစရာမလိုပါဘူး။ အရေးကြီးတာ တောင်းပန်တာကို လက်ခံဖို့ပဲ၊ ရပါတယ်။ ပြောကြည့်ရမှာပေါ့"

အောင်အောင်က လူကြီးဆန်ဆန် တည်ငြိမ်နေသည်။

"ငါ မင်းသန့်ကိုရှာမယ်။ ပြီးရင် အဲဒီ အဖွဲ့ကိုရှာပြီး ပြောကြည့်မယ်ကွာ၊ ဘယ်လိုလဲ"

"သဘောပဲ"

အောင်အောင်က ချက်ချင်းပဲထွက်သွားသည်။ သူတစ်ယောက်တည်း ကျန်ရစ်ခဲ့၏ ။ ခပ်ပေပေရှိနေကာ အဆင်ပြေပါ့မလားဟု တထင့်ထင့်။

သည်အဖြစ်အပျက်က သူ့မာနကို အရှိုက်ထိစေသည်။

တော်တော်လေးကြာသောအခါ မင်းသန့်ပခုံးကိုဖက်ပြီး အောင်အောင်ပြန်ရောက်လာ သည်။

အောင်အောင့်ကို မျှော်လင့်တကြီး လှမ်းကြည့်မိသည်။

အောင်အောင့်မျက်နှာ ရှုံ့မဲ့နေသောအခါ သူစိတ်ဓာတ်ကျသွားမိ၏ ။ ပြဿနာက မမျှော်လင့်ဘဲ ကြီးထွားသွားခဲ့ပြီလား။

"မတွေ့ခဲ့ဖူးကွ၊ ပြန်သွားပြီ"

"ဟုတ်လား"

"ငါတို့ဌာနဘက်ကိုတော့ သူတို့မလာဘူးတဲ့။ ဒီနေ့

မတိုင်သေးတာသေချာတယ်။ မနက်ဖြန် တော့ မသိဘူး”

တည်မှူးက မျက်နှာမသာမယာနှင့် အေးစက်နေသော လက်ဖက်ရည်ကို သောက်မိသည်။ ခါးသက်သက်အရသာက လည်ချောင်းမှာမျိုမရ။

“မင်းစိတ်ဆတ် မကျပါနဲ့” အောင်အောင်က ဆက်ပြောလာသည်။

သူတို့ ဒီနေ့ညနေ ကန်ဘောင်မှာ မုန့်စားဖို့ အစီအစဉ်ရှိတယ်ကွ။

ငါ အတိအကျ ကြားလာခဲ့တယ်”

“ဟုတ်လား”

“ဟုတ်တယ်ကွ”

ဒါဆို ငါတို့သွားစောင့်နေရအောင်” မင်းသန့်က ဝင်ပြောပါသည်။ အောင်အောင်က ဇော်တည်မှူးမျက်နှာ လှမ်းကြည့်သည်။

“မင်း လိုက်မလား”

လုံးဝ လိုက်ချင်မှာမဟုတ်တာ သိသည်။ အားရှိအောင် လိုက်ခဲ့စေချင်တယ်။

“မင်း ကားထဲမှာပဲ နေပေ့ါကွာ”

သည်အစီအစဉ်က မဆိုးပါ။ သူမျက်နှာချင်းဆိုင်စရာ မလို။

“ဘယ်အချိန်လာမှာတဲ့လဲ”

“ညနေပိုင်းလို့တော့ ပြောတာပဲ”

မထင်မှတ်ရာပါ။ အံ့သြစရာပါ။ သူ့အဖြစ်က အောက်ကျလွန်းပါဘိ။ သနားစရာပင် ကောင်း လွန်းသည်။

သူ ဘာမှ မတတ်နိုင်။

အောင်အောင့် အစီအစဉ်အတိုင်း လုပ်ရမည်။ သည်ထက်ကောင်းတာ သူ့မှာ မကြံတတ်ပဲ။

“ဒါဆို ငါတို့လေးနာရီ ဆုံမယ်။ ကန်ဘောင်မှာ”

“ကောင်းတယ်”

သုံးယောက်သား တိုင်ပင်ပြီး လမ်းခွဲကြသည်။ အိမ်အပြန်လမ်းမှာ သူ အံကြိတ်ရင်း မာန တွေကို မျိုချနေရသည်။ အောင်အောင်တို့ကို သွားမတောင်းပန်ခိုင်းပဲ ထားလျှင်ရော ဖြစ်မလား။ တကယ့် တကယ် ရင်ဆိုင်ရမှာက သူ။

သူငယ်ချင်းတွေ ဝင်တောင်းပန်ပေးတာတော့ ကျေနပ်ရပါမည်။ ကျေးဇူးလည်း တင်သင့် သည်။ ကိုယ်တိုင် သွားတောင်းပန်ဖို့ဆိုတာ မဖြစ်နိုင်။

*